HUMAN RIGHTS WATCH

# လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့

## ၂၀၁၁ ကမ္ဘာ့ အစီရင်ခံစာ

# မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် နှစ်ပေါင်း၂၀ ကြာအတွင်း ပါတီစုံရွေးကောက်ပွဲအား ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီးသည့်နောက်မှာလည်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ  ဆက်လက်ဆိုးရွားနေဆဲဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ အစိုးရက နိုင်ငံသားများ၏ အခြေခံလွတ်လပ်ခွင့်များအားလုံးကို  စနစ်ကျကျ ငြင်းပယ်လျှက်ရှိပြီး၊ နိုင်ငံရေးတွင် ပါဝင်လုပ်ရှားများကိုလည်း ချိုးနှိမ်ထားလျှက်ရှိသည်။ လွတ်လပ်စွာပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်၊ စုရုံးခွင့် နှင့် သတင်းမီဒီယာလွတ်လပ်ခွင့်များကိုလည်း ဆိုးရွားစွာ ကန့်သတ်ထားမြဲဖြစ်သည်။ အစိုးရအနေဖြင့် တနှစ်လုံးအတွင်းတွင် ဒေါ်အောင်ဆန်းစုကြည်ကို နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးရုံကလွဲပြီး၊ ၂၁၀၀ ထက်မကသော နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးဖို့ရန် ဘာမှ ထူးထူးခြားခြား အားထုတ်ခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံ၌ ဖြစ်နေဆဲ ပြည်တွင်း စစ်ပဋိပက္ခများတွင် ပါဝင်သည့် အဖွဲ့များအားလုံးကလည်း  နိုင်ငံတကာဥပဒေအား ဆိုးရွားစွာ ချိုးဖောက်နေမှုများအပေါ် စုံစမ်းစစ်ဆေးနိုင်ရန် နိုင်ငံတကာ အထူးစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့အားဖွဲ့ဖို့ နိုးဆော်တိုက်တွန်း မှုများရှိခဲ့သည်။ စစ်အစိုးက ပြည်သူများအား နေရပ်မှ အတင်းအဓမ္မ ထွက်ခွာခိုင်းခြင်း၊ ဥပဒေအရမဟုတ်သည့် သတ်ဖြတ်ခြင်းများ၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေမှုများအပါအဝင်၊ စစ်ပဋိပက္ခများဖြစ်ပွားရာနေရာများတွင် ပြည်သူများအား ညှဉ်းပန်းနှိပ်စက်မှုများအတွက် တာဝန်ရှိသည်။  အစိုးရမဟုတ်သည့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များဟာလည်း အရပ်သားများ နေထိုင်ရာဒေသများတွင် လူတွေအားထိခိုက်သေကြေစေနိုင်သည့် မြေမြှုပ်မိုင်းများအား အသုံးပြုခြင်း၊ ဗမာစစ်သုံ့ပန်းများ အား သတ်ဖြတ်စီရင်မှု၊ ကလေးစစ်သားများစုဆောင်းမှု စသဖြင့် ဆိုးရွားသည့်ညှဉ်းပန်းမှုများကို ကျူးလွန်ကြသည်။

## ၂၀၁၀ နိုဝင်ဘာလ ရွေးကောက်ပွဲများ

နိုဝင်ဘာလတွင်၊ မြန်မာနိုင်ငံ၌ နှစ်ရှည်ကြာစီမံကိန်းဖြစ်သည့် ရွေးကောက်ပွဲအား ကျင်းပခဲ့ကြသည်။ ထိုရွေးကောက်ပွဲများကို စစ်အစိုးရ၏ ခြိမ်းခြောက်မှု၊ အတင်းအဓမ္မစေခိုင်းမှု၊ လာဘ်ပေးလာဘ်ယူမှုများကြား ကျင်းပခဲ့ခြင်းဖြစ်သည်။ အစိုးရ၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများက စစ်အစိုးရ၏ပါတီကိုသာ မျက်နှာသာပေးထားသည်။

မတ်လတွင်၊ နအဖက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တခုကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မရှင်က ထောင်ထဲဝင်ဖူးသူများအား ပါတီအဖွဲ့ဝင်ဖြစ်ခွင့်မှ တားမြစ်ထားသည်။ ရွေးကောက်ပွဲကျင်းပရေးနှင့်ပတ်သက်သည့် ဥပဒေများစွာကိုလည်း ထုတ်ပြန်ခဲ့သည်။ ထိုသို့လုပ်မှုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်လည် ပါတီ စာရင်းသွင်းချင်ပါ၊ ၄၃၀ ဦးထက်မက ထောင်ကျခံ ခံနေရသော မိမိအဖွဲ့ဝင်များနှင့် ထိုကာလတုန်းက နေအိမ်အကျယ်ချုပ်ခံနေရသူ ဒေါ်အောင်ဆန်းစုကြည်အား ဖြုတ်ပြီး လုပ်ရမည့် အနေအထားကို ဖြစ်စေခဲ့သည်။ (NLD) က ပြန်လည်စာရင်းသွင်းခြင်းမရှိခဲ့ပေ။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် က (NLD) အား တရားမဝင် နိုင်ငံရေးပါတီအဖြစ် ကြေငြာခဲ့သည်။

အခြားရွေးကောက်ပွဲဥပဒေများက ပါတီများနှင့် အမတ်လောင်းများ မဲဆွယ်စည်းရုံးမှုများအပေါ် တင်းကျပ်စွာ ချုပ်ချယ်ထားပြီး၊ လူထု ဆူပူမှုများမဖြစ်ပေါ်ရန် သတိပေးချက်များထုတ်ပြန်ပြီး၊ စစ်တပ်နှင့် အခြေခံဥပဒေအား ဝေဖန်မှုများကို တရားဥပဒေနှင့် ညှိစွန်းကြောင်း ပြည်သူလူထုအား အတိအလင်းကြေငြာသတိပေးခဲ့သည်။ (NLD) အဖွဲ့ဝင်များမှ ဦးဆောင်ပြီးလုပ်သည့် ရွေးကောက်ပွဲ သပိတ်မှောက်မှုများကိုလည်း တရားမဝင်ဟု ကြေငြာပြီး၊ ရွေးကောက်ပွဲအား သပိတ်မှောက်သူများကို ထောင်ဒဏ် ၁ နှစ် ကျခံစေမည်ဟု ပြည်သူအားသတိပေးခဲ့သည်။

ဧပြီလတွင် ဝန်ကြီးချုပ် ဒုတိယ်ချုပ်ကြီး သိန်းစိန်နှင့် အစိုးရဝန်ကြီး ၂၇ ဦးက ၄င်းတို့၏ စစ်ဝန်ထမ်းမှ နုတ်ထွက်ပြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အား ဖွဲ့စည်းခဲ့သည်။ ၁၉၉၃တွင် စစ်အစိုးရက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (USDA) ကို လူမှုရေးရာ လူထုအဖွဲ့အစည်း အဖြစ် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် အမည်ခံ အဖွဲ့ဝင် ၂၆ သန်းပါဝင်သည်။ ထိုလူမှုအဖွဲ့အစည်းဟုသမုတ်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ ပိုင်ဆိုင်မှုများနှင့် အဆောက်အအုံ များအားလုံးအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဖွဲ့က သြဂုတ်လမှစ၍ အသုံးပြု လာခဲ့ကြသည်။ စစ်အရာရှိကြီးများမှ USDP အမတ်လောင်းများအဖြစ် ယှဉ်ပြိုင်နိုင်ဖို့ရန် စစ်တပ်မှ နုတ်ထွက်ခဲ့သောကြောင့်၊ စစ်အစိုးရက နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ရာထူးခန့်အပ်မှုဆိုင်ရာ ပြောင်းလဲမှုကြီးကို ပြုလုပ်ခဲ့သည်။

ဒေသဆိုင်ရာတိုင်းဒေသကြီးလွှတ်တော် ၁၄ ခုနှင့် အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်တွင် လွှတ်တော်အမတ်နေရာပေါင်း ၁၁၆၈ ရှိရာ USDP က လွှတ်တော်နေရာအားလုံးနီးပါးကို နေရာယူခဲ့သည့် တခုတည်းသော နိုင်ငံရေးပါတီဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေအရ စုစုပေါင်း လွှတ်တော်နေရာ ၁၅၅၁ ရှိရာမှ ကျန်ရှိနေသေးသည့်နေရာများမှာ စစ်တပ်အတွက်ဖြစ်သည်။

နိုင်ဝင်ဘာလတွင် နိုင်ငံရေးပါတီ ၃၇ ခုက စာရင်းသွင်းပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အများစုမှာ တိုင်းရင်းသား ပါတီအဖွဲ့ငယ်လေးများဖြစ်ပြီး၊ တိုင်းဒေသကြီး လွှတ်တော်နေရာများ တချို့အတွက်သာ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ စစ်ပဋိပက္ခနှင့် မတည်ငြိမ်မှုများရှိသည်ဟုဆိုကာ တိုင်းရင်းသားနယ်စပ်ဒေသများရှိ မြို့နယ်ပေါင်း ၃၂ ခုရှိ အချို့သောနေရာများတွင် မဲပေးမှုအားမပြုလုပ်ခဲ့ချေ။ အချို့သောနေရာများတွင် ကြိုတင်မဲပေး မှုများကဲ့သို့သော မတရားမှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ခဲ့ကြသည်။

USDP က အထက်နှင့်အောက်လွှတ်တော်နေရာများတွင် ၇၀ ရာခိုင်နှုန်းထက်မက အများဆုံး နေရာရရှိခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ၁၄ခုတွင် ရလဒ်များမှာ မတူပေ။ အချို့သောတိုင်းရင်းသားနေရာများတွင်၊ အထူးသဖြင့်

ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် တိုင်းရင်းသားပါတီများက လွှတ်တော်နေရာတဝက်ကျော် အားရရှိခဲ့ကြသည်။ သို့သော် ဗမာများသည့်နေရာများတွင် USDP က လွှတ်တော်နေရာ အများဆုံးရရှိခဲ့သည်။ များစွာသော အတိုက်အခံပါတီများက USDP အဖွဲ့ဝင်များနှင့် အရာရှိများမှ မဲမသမာမှုများကို ကျယ်ပြန့်စွာလုပ်ဆောင်ခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြစာဒက တက်ခဲ့ကြသည်။

## တိုင်းရင်းသား ပဋိပက္ခ၊ နေရာရွှေ့ပြောင်းစေမှု နှင့် ဒုက္ခသည်များ

မြန်မာစစ်အစိုးရသည် တိုင်းရင်းသားများနေထိုင်ရာဒေသများ၊ အထူးသဖြင့် ကရင်၊ ကရင်နီ၊ မြန်မာနိုင်ငံအရှေ့ခြမ်းရှိ ရှမ်းပြည်၊ အနောက်ခြမ်းရှိ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များရှိတိုင်းရင်းသားများအား တိုက်ရိုက် တိုက်ခိုက်မှုများကို ဆက်လက်လုပ်နေမြဲဖြစ်သည်။ စစ်အစိုးရမှ အပစ်အခတ်ရပ်စဲထားသည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား မိမိလက်အောက်ရှိ နယ်ခြားစောင့်တပ်ဖွဲ့ များ အဖြစ် အသွင်ကူးပြောင်းရန် ဖိအားပေး ကြိုးပမ်းမှုများကြောင့် ကချင်အမျိုးသား လွှတ်မြောက်ရေးအဖွဲ့၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီစသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် စစ်အစိုးရကြား တင်းမာမှုများ ပိုမို များပြားလာခဲ့သည်။ ၂၀၁၀ နှစ်ကုန်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့သာ နယ်ခြားစောင့်တပ်ဖွဲ့ များ အဖြစ် အသွင်ကူးပြောင်းရန် သဘောတူညီခဲ့သည်။ အင်အားကြီးအဖွဲ့များဖြစ်သည့် ကချင်၊ ဝ၊ နှင့် မွန် များက သဘောမတူခဲ့ပေ။ ထို့ကြောင့် စစ်အစိုးက ထိုလက်နက်ကိုင်အဖွဲ့များမှ အသွင်ကူးပြောင်းရန် ဖိအားပေးမှုများကို ပိုမို လုပ်လာခဲ့ပြီး၊ ၎င်းတို့စိုးမိုးထားသော နယ်မြေဒေသအား စစ်အစိုးရထံပေးအပ်ရန်နှင့် စစ်အင်အားကိုတစိတ်တဒေအားဖြင့် လျှော့ချသွားရန်တို့ ဖိအားပေးလာခဲ့သည်။ ထိုသို့တင်းမာမှုများကြောင့် နိုဝင်ဘာလ ရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်မရှိသော မြို့နယ် ၃၂ နယ်ရှိ အချို့နေရာများတွင် တရုတ်နယ်စပ်ရှိ ‘ဝ’ လူမျိုးများနေထိုင်ရာဒေသတခုလုံးနီးပါး ပါဝင်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်နှစ် ကြာအောင် မငြိမ်းချမ်းမှုများအား ခါးစည်းခံနေရသော တိုင်းရင်းသားနေရာများတွင် ၂၀၁၁ ၌ စစ်ပဋိပက္ခများ ပြန်လည် ဖြစ်လာနိုင်သည်ဟူ၍ ကြောက်ရွံ့စိုးရိမ်မှုများရှိလာကြသည်။

စစ်အစိုးရမှ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအား ချိုးဖောက်မှုများတွင် လူတွေအား သေကြေထိခိုက်ဒဏ်ရာရစေမည့် မြေမြှုပ်မိုင်းများအား ကျယ်ပြန့်စွာအသုံးပြုခြင်း၊ မိန်းမများနှင့် မိန်းကလေးငယ်များအပေါ် လိင်အကြမ်းဖက်မှု၊ ဥပဒေအရမဟုတ်သည့် သတ်ဖြတ်စီရင်မှုများ၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ရိုက်နက်မှု၊ အရပ်သားများ၏၊ ရိက္ခာအစားအစာ ထုတ်လုပ်မှုများနှင့် ဝမ်းစာလုပ်ငန်းများအား ပစ်မှတ်ထားမှု၊ လယ်မြေနှင့် ပိုင်ဆိုင်မှုများအား သိမ်းယူမှုတို့ ပါဝင်သည်။ မြန်မာနိုင်ငံ စစ်ပဋိပက္ခများတွင် ပါဝင်သည့် စစ်လက်နက်ကိုင်အဖွဲ့များအားလုံးလည်း စစ်တပ်မတော်နှင့် အလားတူ ကလေးစစ်သားများစုဆောင်းခြင်း၊ အသုံးပြုခြင်းများကို ဆက်လက်လုပ်နေမြဲဖြစ်သည်။ နအဖ အစိုးရက အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်နှင့် ပူးပေါင်းပြီး ကလေးစစ်သား မစုဆောင်းရန်လုပ်နေသည့်တိုင်အောင် ကလေးစစ်သားစုဆောင်းမှုနှင့် အသုံးပြုမှုများ ဖြစ်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံအရှေ့ခြမ်းတွင် စစ်မက်များဖြစ်ပွားမှုကြောင့် လူပေါင်း သန်းဝက် ခန့်မှာ ပြည်တွင်း၌ အိုးမဲ့အိမ်မဲ့ နေရာမရ ဖြစ်ခဲ့ရသည်။ ၁၄၀၊၀၀၀ ထက်မကသော ဒုက္ခသည်များမှာ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ရောက်ရှိလာရသည်။ ဘင်္ဂလားဒေ့ရှ်တွင် ရိုဟင်ဂျာ ၂၈၊၀၀၀ မှာ တရားဝင်စခန်းများတွင်ရှိပြီး၊ နောက်ထပ် ၂၀၀၊၀၀၀ မှာ ယာယီစခန်းများ (သို့) နယ်စပ်များတွင် ဒေသခံ အရပ်သားနှင့် ရောပြီးနေကြသည်။ သန်းပေါင်းများစွာသော မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ၊

ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများမှာ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ရောက်ရှိနေကြသည်။

## လူသားချင်းစာနာမှု အထောက်အကူ

နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များနှင့် မြန်မာ လူမှုရေး အဖွဲ့များက ၄င်းတို့၏ လုပ်ငန်း အစီအစဉ်များနှင့် နေရာများအား တိုးချဲ့လုပ်ဆောင်လာကြသော်လည်း မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှု အခြေအနေမှာ ၂၀၁၀ တွင် ဘာမှ ထူးထူးခြားခြားပြောင်းလဲမှုများ မရှိခဲ့ပေ။

၂၀၀၈ မေလ တွင် နာဂစ်ဆိုင်ကလုံးမုန်တိုင်းဖြစ်ပြီးနောက် နိုင်ငံပေါင်းဆိုင်ရာလုပ်ဆောင်မှုအဖြစ် အာဆီယံ၊ နအဖနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းပြီး "သုံးပွင့်ဆိုင်အမာခံအဖွဲ့" ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့၏ လုပ်ဆောင်မှုများမှာ ဇူလိုင်လတွင် ပြီးဆုံးခဲ့သည်။ ကုလသမဂ္ဂက ရခိုင်ပြည်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးမှု ကို တဖြည်းဖြည်းချဲ့ပြီး ဆက်လက်လုပ်နေခဲ့သည်။ စစ်အစိုးရက ထိုရိုဟင်ဂျာများ၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ အသက်မွေးဝမ်းကျောင်းပြုခွင့်နှင့် သွားလာလှုပ်ရှားမှုများကို တင်းကျပ်စွာ ချုပ်ချယ် ကန့်သတ်ထားသည်။ ရိုဟင်ဂျာ အမျိုးသမီးများမှာ  ညှဉ်းပန်းမှုများခံရသည်။ အထူးသဖြင့် လွတ်လပ်စွာ အိမ်ထောင်ပြုမှုနှင့် မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာများတွင် ရိုဟင်ဂျာ အမျိုးသမီးများအား ကန့်သတ်ချုပ်ချယ်ထားသည်။ နိုင်ငံဝင်ဘာလရွေးကောက်ပွဲမတိုင်မီတွင် စစ်အစိုးရက အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့အစည်းများမှ ဝန်ထမ်းများအား ဗီဇာပေးရန် ငြင်းဆန်ခြင်းနှင့် ခရီးသွားလာခွင့်အား ကန့်သတ်ခြင်း၊ အချို့နေရာများတွင် လုပ်ငန်းစီမံကိန်းများတိုးချဲ့ရန် ခွင့်ပြုခွင့်မပေးခြင်းတို့ကြောင့် လူသားချင်းစာနာမှု အထောက်အကူပြုမှုမှာ ချုပ်ချယ်ခြင်းခံရသည်။

## မိမိတို့ ကျူးလွန်ထားသည့် ပြစ်မှုများအတွက် တာဝန်ယူမှုများ လုပ်ရန် တောင်းဆိုခြင်းများ

လူ့အခွင့်အရေးအထူးကိုယ်စားလှယ်တော် Tomás Ojea Quintana က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် တင်သွင်းသောအစီရင်ခံစာ၌ဖော်ပြထားသည်မှာ "နှစ်ပေါင်းများစွာကြာအောင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆိုးရွားပြီးစနစ်ကျကျ လုပ်နေခဲ့ကြသည်၊" ဟုဆိုသည်။ သူက "နိုင်ငံတကာဆိုင်ရာရာဇဝတ်မှုချိုးဖောက်မှုများအား လေ့လာစုံစမ်းရန် အတွက် တိကျသည့် လုပ်ပိုင်ခွင့်များ ဖြင့်ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းရန် ဖြစ်နိုင်ခြေအလားအလာအား ကုလသမဂ္ဂ အဖွဲ့များ အနေနဲ့စဉ်းစားသင့်တယ်" ဟု ဆိုသည်။ ၂၀၁၀ နှစ်ကုန်ပိုင်းတွင် အမေရိက၊ ဗြိတိသျှ၊ များစွာသော ဥရောပနိုင်ငံများ၊ ဩစတြေးလျနှင့် ကနေဒါနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံကျော်က စုံစမ်းစစ်ဆေး ရေးကော်မရှင် အဖွဲ့ကိုဖွဲ့စည်းရန် လူသိရှင်ကြားထောက်ခံခဲ့ကြသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး Ban Ki-moon က Quintana ၏ တောင်းဆိုမှုအား လူသိရှင်ကြား တုံ့ပြန်ခဲ့ခြင်းမရှိပေ။

စက်တင်ဘာလ ၁၇ တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၌ ပြုလုပ်သည့် အထွေထွေ စကားရည်လုပွဲတွင်၊ မြန်မာသံအမတ် ဦးဝဏ္ဏမောင်လွင်က "လူသားမျိုးနွယ်တခုလုံးအားထိခိုက်သည့် ရာဇဝတ်မှု မြန်မာနိုင်ငံမှာ မရှိပါဘူး ... အပြစ် ကင်းလွတ်ခွင့် ပေးတာနဲ့ပတ်သက်ပြီးပြောချင်တာက စစ်တပ်က မည်သူမဆို ပြည်တွင်းဥပဒေကို ချိုးဖောက်တဲ့အခါ

ကျွန်တော်တို့အနေနဲ့ ဥပဒေအရ အပြစ်ပေးတာမျိုးလုပ်ပါတယ် ... မြန်မာနိုင်ငံမှာ ဘာလူ့အခွင့်အရေးချိုးဖောက်မှုမှမရှိတဲ့အတွက် ဘာစုံစမ်းစစ်ဆေးမှုကို မှလုပ်ဖို့ မလိုပါဘူး'' လို့ပြောဆိုခဲ့သည်။

အောက်တိုဘာလတွင် Quintana မှ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းသော အစီရင်ခံစာ၌ စစ်ပဋိပက္ခတွင် ပါဝင်သူ အဖွဲ့များအားလုံးအပေါ် စုံစမ်းစစ်ဆေးမည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ပိုင်ခွင့် အတိုင်းအတာများ၊ စုံစမ်းစစ်ဆေးရမည့် ဖြစ်နိုင်ခြေနေရာများ နှင့် ကြာမြင့်ချိန် ကာလ အတိုင်းအတာကို ရှင်းလင်းတင်ပြခဲ့သည်။ အောက်တိုဘာလကုန်ပိုင်းတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က "မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံရှင်းလင်းမှုကို ရရှိရန် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းပြီး လုပ်ဆောင်သွားမည့် လုပ်ငန်းများကို အမေရိကန်က အလေးအနက် ကတိကဝတ်ပြု ထောက်ခံအားပေး" ကြောင်းပြောခဲ့သည်။ တရုတ်က ထိုသို့တောင်းဆိုတင်ပြချက်ကို ကန့်ကွက်ရန် တက်ကြွစွာ ကြိုးပမ်းခဲ့သည်။

## နိုင်ငံတကာရှုထောင့်မှ အခြေအနေ

ကုလသမဂ္ဂမှ စစ်မှန်သည့်အမျိုးသားပြန်လည်သင့်မြတ်ရေးကို စတင်ရန်၊ လွတ်လပ်ပြီးတရား မျှတတဲ့ရွေးကောက်ပွဲ၊ အားလုံးပါဝင်နိုင်သည့် ရွေးကော်ပွဲ အားကျင်းပရန်၊ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် စစ်အစိုးရအား အချိန်အတော်ကြာသည့်တိုင်အောင် တောင်းဆိုမှုများပြုခဲ့သော်လည်း တုံ့ပြန်မှုမရှိသောကြောင့် "စိတ်ဓါတ်ကျ" "အလိုမကျ" ဖြစ်သည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး Ban Ki-moon က ဆိုသည်။ Ban Ki-moon ၏ အထူးအကြံပေးအရာရှိ Vijay Nambiar အား ၂၀၁၀ တွင် မြန်မာနိုင်ငံသို့သွားရန် နအဖအား တောင်းဆိုမှုများ ပြုခဲ့သော်လည်း သွားရောက်ခွင့်မပြုခဲ့ချေ။

ဖေဖော်ဝါရီလတွင် Tomás Ojea Quintana က မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ သို့သော်လည်း နအဖအစိုးရက လူ့အခွင့်အရေးကောင်စီတွင် စုံးစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရန် တောင်းဆို မှုကြောင့် နောက်ထပ်သွားလာမှုကို ပိတ်ပင်ခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အခိုင်မာဆုံး နိုင်ငံတကာမဟာမိတ်အဖြစ် ရပ်တည်ဆဲဖြစ်ပြီး၊ နိုင်ငံတကာအဖွဲ့များ၏ ဖိုရမ် ဆွေးနွေးပွဲများ၌ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် မြန်မာနိုင်ငံအား ဝေဖန်မှုများအပေါ် ပုံမှန်ပိတ်ပင်နေမြဲဖြစ်သည်။ တရုတ်ဝန်ကြီးချုပ် Wen Jiabao က ဇွန်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး၊ မြန်မာ သမ္မတ သန်းရွှေက စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်နေ့အထိ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဇူလိုင်လကုန်ပိုင်းတွင် သန်းရွှေက အိန္ဒိယသို့ ဒုတိယအကြိမ်သွားရောက်လည်ပတ်ခဲ့ပြီး၊ အိန္ဒိယ ဝန်ကြီးချုပ် Manmohan Singh နှင့် နှစ်နိုင်ငံ ရင်းနှီးမြှပ်နှံမှု သဘောတူစာချုပ် မြောက်များစွာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အိန္ဒိယက မြန်မာနိုင်ငံရွေးကောက်ပွဲများအပေါ် မည်သည့်ဝေဖန်ချက်၊ စိုးရိမ်ချက်ကိုမျှ မထုတ်ဖော်ခဲ့ချေ။

အိုဘားမားအုပ်ချုပ်မှု၏ ပေါ်လစီမူဖြစ်သည့် နအဖနှင့် "လက်တွေ့ ပါဝင်ညှိနိုင်းမှု" ကို အကောင်အထည်ဖော်ရန် "အရှေ့အာရှနှင့် ပစိဖိတ်ဆိုင်ရာအရေး" မှ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး လက်ထောက် Kurt Campbell က မြန်မာနိုင်ငံသို့ မေလတွင် သွားရောက်လည်ပတ်ရာတွင် အောင်ဆန်းစုကြည်နှင့် စစ်အစိုးရခေါင်းဆောင် များကိုတွေ့ဆုံခဲ့သည်။

Campbell က နအဖ၏ အပြန်အလှန်တုံ့ပြန်ခြင်း မရှိမှုအပေါ် "အင်မတန် စိတ်ဓါတ်ကျ" ကြောင်းပြောဆိုခဲ့သည်။ အမေရိကန်အစိုးရက ရွေးကောက်ပွဲဖြစ်စဉ်များကို တသမတ်တည်း ဝေဖန်ရှုံ့ချ ပြောဆိုခဲ့သည်။ အမေရိကန် အထက်လွှတ်တော်အမတ် Jim Webb က မြန်မာနိုင်ငံသို့ တသီးပုဂ္ဂလ သွားရောက်လည်ပတ် မှုများပြုခဲ့ပြီး၊ နအဖခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံ ပြောဆိုခဲ့သည်။ သို့သော် မြန်မာနိုင်ငံက မြောက်ကိုးရီးယားနှင့် ပူးပေါင်းပြီး မသင်္ကာဖွယ် နယူးကလီးယား အစီအစဉ်များ လုပ်နေကြောင်း သတင်းမီဒီယာများမှ ပြောဆိုတင်ပြမှုများနောက် ဇွန်လ၌ မြန်မာနိုင်ငံသို့ သွားမည့်ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က အောက်တိုဘာလတွင် စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းရန် ထောက်ခံချက်အပြည့်ပေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၁၀ တွင် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့အစည်း အာဆီယံက ယခင်ကကဲ့သို့ မြန်မာနိုင်ငံအပေါ် ဝေဖန်မှုများအား လျှော့ချခဲ့သည်။ အာဆီယံ၏ သဘာပတိဖြစ်သည့် ဗီယက်နမ်က တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကို ဖြစ်စေမည့် "မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဆောင်ရွက်ရန်" နှင့် "နိုင်ငံရေးပါတီများအားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပသွားရန်" အရေးကြီးကြောင်း ဆိုခဲ့သည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများက မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲခြင်း မရှိမှုအပေါ် ဝေဖန်ပြောဆိုသည်။ အထူးသဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဖိလစ်ပိုင်သမ္မတ Benigno Aquino III က "မဟုတ်တရုတ်ရယ်ဖွယ်သက်သက်" သာ ဖြစ်သည်ဟု ဆိုခဲ့သည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများက မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများအား ကျယ်ပြန့်စွာ ဆက်လက်လုပ်နေမြဲဖြစ်ပြီး၊ အထူးသဖြင့် ရေအားလျှပ်စစ်လုပ်ငန်းများကို လုပ်ဆောင်နေကြမြဲဖြစ်သည်။ တရုတ်က မြန်မာပြည်အနောက်ခြမ်းမှ ယူနန်ပြည်နယ်သို့ ရေနံပိုက်လိုင်း ၂ ခုအား တည်ဆောက်လျှက်ရှိပြီး၊ မြန်မာပြည်အထက်ပိုင်းတွင်လည်း ဧရာဝတီမြစ် ရေအားလျှပ်စစ်စီမံကိန်း အမြောက်အများကို လုပ်ဆောင်နေလျှက်ရှိသည်။ နအဖသည် ထိုင်းနိုင်ငံအား သဘာဝဓါတ်ငွေ့ရောင်းချမှုများမှ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိပြီး၊ တရုတ်ကဆောက်နေသည့် ရေနံပိုက်လိုင်းများ ၂၀၁၃ တွင် ပြီးဆုံးသည့်အခါ နအဖက နိုင်ငံခြားဝင်ငွေ ပိုပြီး ရရှိလာမည်ဖြစ်သည်။

ရုရှားနှင့် မြောက်ကိုးရီးယားက နအဖအား လက်နက်များကို ရောင်းချပေးနေမြဲဖြစ်သည်။ ကုလသမဂ္ဂက မြောက်ကိုးရီးယား၏ လက်နက်ရောင်းချမှုများသည် လက်နက်များ တိုးချဲ့များပြားလာမှုကို ပိတ်ပင်သည့် ၁၈၇၄ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့၏ သဘောတူညီချက်ကို ချိုးဖောက်ရာ ကျလာနိုင်ကြောင်း စိုးရိမ်လျှက်ရှိသည်။